မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၇ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

**အမျိုးသားပညာရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော အမျိုးသားပညာရေးဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားပညာရေးဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ ဖြစ်ထွန်းလာရေး၊ ကိုယ်ကျင့်တရားမြင့်မားပြီး ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရေး၊ ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တီထွင်ကြံဆသုတေသနပြုနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပညာရေး**ဆိုသည်မှာ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသည့်ဖြစ်စဉ်ကို ဆိုသည်။

(ခ) **အမျိုးသားပညာရေး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့တို့၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထား၍ ခေတ်စနစ်၏လိုအပ်ချက်များနှင့်အညီ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကိုလည်း စဉ်ဆက်မပြတ် ခေတ်မီတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဂ) **ကျောင်းပညာရေး**ဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ နိုင်ငံတော်အထောက်အပံ့နှင့်ဖြစ်စေ၊ ပုဂ္ဂလိကများကဖြစ်စေ စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် ပညာသင်ရာနေရာဌာနများဖြစ်ကြသော စာသင်ကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ် စသည်တို့၌ အသက်အရွယ်၊ အချိန်၊ နေရာ၊ သင်ရိုး၊ အတန်း၊ စာမေးပွဲစနစ်တို့ဖြင့် သတ်မှတ်အစီအစဉ်အရ သင်ကြားသင်ယူမှုပြုစေသည့် ပညာရေးကို ဆိုသည်။

(ဃ) **ကျောင်းပြင်ပပညာရေး**ဆိုသည်မှာ သင်ယူသူတို့၏ လိုအပ်ချက်အရ ကျောင်းစနစ်ပြင်ပတွင် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများဖြင့် စနစ်တကျဆောင်ရွက်ပေးသော ပညာရေးကို ဆိုသည်။

(င) **ကိုယ်တိုင်သင်ယူပညာရေး**ဆိုသည်မှာ မိမိလိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရ မိမိကိုယ်တိုင် သတ်မှတ်သင်ယူသော ပညာရေးကို ဆိုသည်။

(စ) **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပညာရေး**ဆိုသည်မှာ မွေးကင်းစမှ အသက် ၈ နှစ်ပြည့်သည့်အထိအရွယ် ကလေးများ ဘက်စုံဖွံ့ဖြိုးရန်အတွက် ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသောပညာရေးကို ဆိုသည်။

(ဆ) **မူကြိုပညာရေး**ဆိုသည်မှာ အသက် ၃ နှစ်မှ ၅ နှစ်ပြည့်သည့်အရွယ်အထိ ကလေးများ၏ အသက်အရွယ်အလိုက် ရှိသင့်သည့် ဘက်စုံဖွံ့ဖြိုးမှုများရရှိရန်အတွက် ကစားနည်းများကို အဓိကအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသောပညာရေးကို ဆိုသည်။

(ဇ) **သူငယ်တန်းပညာရေး**ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက် ၅ နှစ်ပြည့်ပြီးကလေးများအတွက် ဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ဈ) **အခြေခံပညာရေး**ဆိုသည်မှာ နိုင်ငံသားတိုင်း တတ်သိကျွမ်းကျင်အပ်သည့် ပညာအခြေခံကို ရရှိစေပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်ရန်အတွက် လိုအပ်သော ပညာအခြေခံကိုပါ ရရှိစေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ည) **အဆင့်မြင့်ပညာရေး**ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်ကို အောင်မြင်ပြီး ကောလိပ်၊ တက္ကသိုလ်များက အပ်နှင်းသည့် ဒီပလိုမာနှင့် ဘွဲ့အသီးသီးအတွက် သင်ကြားလေ့ကျင့်ပေးသည့် ပညာရပ်တစ်ခုချင်းအလိုက် အဆင့်မြင့်သော အသိပညာ၊ အတတ်ပညာများ၊ သုတေသနပြုနိုင်သည့် အရည်အသွေးနှင့် ကျွမ်းကျင်မှုများ ရရှိစေရန် ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ဋ) **နည်းပညာနှင့်သက်မွေးပညာရေး**ဆိုသည်မှာ နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် လိုအပ်သည့် လက်တွေ့ဆန်သော နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးသည့် ပညာရေးကို ဆိုသည်။

(ဌ) **ဆရာအတတ်ပညာရေး**ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှု၊ သဘောထားနှင့် အတွေ့အကြုံများ ရရှိစေသည့် ပညာရေးကို ဆိုသည်။

(ဍ) **အဝေးသင်ပညာရေး**ဆိုသည်မှာ ပညာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် သင်ကြားပေးသူများနှင့် သင်ယူသူများကြား သင်ထောက်ကူနည်းလမ်းများဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် အခြားလူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းများကို အသုံးချကာ သင်ကြားမှု၊ သင်ယူမှုများ ပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့် ပညာရေးကို ဆိုသည်။

(ဎ) **နိုင်ငံသား**ဆိုသည်မှာ ဤဥပဒေအလို့ငှာ မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ အပါအဝင် ဥပဒေအရ ပညာသင်ယူခွင့်ရှိသော နိုင်ငံခြားသားများကို ဆိုသည်။

(ဏ) **ဘုန်းတော်ကြီးသင်ပညာရေးကျောင်း**ဆိုသည်မှာ ကျောင်းပညာရေးအစီအစဉ်နှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်အတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက် သင်ခန်းစာများကို ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပြည်တွင်းမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် သီလရှင်များက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကြားသောကျောင်းကို ဆိုသည်။

(တ) **ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်း**ဆိုသည်မှာ ကျောင်းပညာရေးအစီအစဉ်နှင့်အညီ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်အတိုင်းဖြစ်စေ၊ အဆိုပါ ဘာသာရပ်များအတွက် သင်ခန်းစာများကို ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပြည်တွင်းမှ ဘာသာရေးအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကြားသော ကျောင်းကို ဆိုသည်။

(ထ) **ဆရာ**ဆိုသည်မှာ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး အစီအစဉ်သုံးရပ်လုံးတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကို သင်ကြားပို့ချပေးသူ လက်ဆင့်ကမ်းဖြန့်ဝေပေးသူ ဆရာ၊ ဆရာမအားလုံးကို ဆိုသည်။

(ဒ) **ကျောင်းသား**ဆိုသည်မှာ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး အစီအစဉ်သုံးရပ်လုံးတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကို လေ့လာဆည်းပူးသူအားလုံးကို ဆိုသည်။

(ဓ) **သင်ရိုးညွှန်းတမ်း**ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်လျက် သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်းကျောင်းပြင်လေ့လာသင်ယူရာတွင် ပါဝင်သည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များနှင့် အတွေ့အကြုံအားလုံးကို ဆိုသည်။

(န) **သင်ရိုးညွှန်းတမ်း အညွှန်းဘောင်**ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာသင်ယူမှုနယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ သင်ယူမှုနယ်ပယ်များဆိုင်ရာရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးနည်းများကို ပြည့်ပြည့်စုံစုံရေးသားထားသောမူဘောင်ကို ဆိုသည်။

(ပ) **တန်းညှိအစီအစဉ်**ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဖ) **ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း**ဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာများက ထိရောက်သောနည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ၊ ကျောင်းသား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကို ဆိုသည်။

(ဗ) **အရည်အသွေးအာမခံမှု**ဆိုသည်မှာ ပညာပေးဌာနတစ်ခုလုံးကိုဖြစ်စေ၊ ပညာရပ်ဌာနအသီးသီးတွင်ဖြစ်စေ၊ ဘာသာရပ်နယ်ပယ်တစ်ခုချင်းတွင်ဖြစ်စေ အသုံးပြုလျက်ရှိသော သင်ကြားမှုအစီအစဉ်များအား မျှော်မှန်းချမှတ်ထားသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဘ) **အတွင်းအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနအတွင်းရှိ ကျွမ်းကျင်သူဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုသည်။

(မ) **ပြင်ပအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနပြင်ပရှိ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ခြင်းကို ဆိုသည်။

(ယ) **ရပ်ရွာပညာပဒေသာဌာန**ဆိုသည်မှာ ကျောင်းသင်ရိုးသင်ပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြုသင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။

(ရ) **လူတိုင်းအကျုံးဝင်ပညာရေး**ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။

(လ) **ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်း**ဆိုသည်မှာ ဆရာများ၊ ကျောင်းသားများနှင့် စီမံခန့်ခွဲပေးနေသူများအား ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ကောင်းစွာအထောက်အပံ့ပေးနိုင်ရန်အတွက် ဖန်တီးထားသည့် ရုပ်ပတ်ဝန်းကျင်ကို ဆိုသည်။

## အခန်း (၂)
## ရည်မှန်းချက်များ

၃။ ပညာရေး၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားအားလုံး၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့် ရိုးရာဓလေ့များကို လေးစားတန်ဖိုးထားရေး၊ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကိုပါ လေ့ကျင့်ပြုစုပျိုးထောင်ပေးသော လူ့အဖွဲ့အစည်းဖြစ်စေရန်၊

(ခ) လူငယ်များ မျိုးချစ်စိတ်ဓာတ် နိုင်ငံချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

(ဂ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်များဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဃ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာကျွမ်းကျင်သူနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) ပညာအခြေပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(စ) သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊

(ဆ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သောပညာရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဘဝတစ်လျှောက် အစဉ်သင်ယူသူများ ဖြစ်လာစေရန်၊

(ဇ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်၊

(ဈ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ည) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းများ ဖန်တီးပေးရန်၊

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်စေရန်။

## အခန်း (၃)
## ပညာရေးအခြေခံမူများ

၄။ ပညာရေးအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူပြုသော နိုင်ငံတကာ အဆင့်မီ ပညာရေးဖြစ်ခြင်း၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သော ပညာရေးဖြစ်ခြင်း၊

(ဂ) အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် မည်သည့်ခွဲခြား၊ ကန့်သတ်ချက်မျှမရှိဘဲ တူညီသောသင်ယူမှုအခွင့်အလမ်း ရှိစေရခြင်း၊

(ဃ) ကျောင်းနေအရွယ်လူငယ်များအားလုံး ပညာသင်ကြားနိုင်ခွင့်ရှိပြီး ၎င်းတို့၏ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်နိုင်မှုများကို တတ်နိုင်သမျှဖွံ့ဖြိုးတိုးတက်စေရန် အခြားသူများ၏ အခွင့်အရေးများ၊ တန်ဖိုးများနှင့် သဘာဝပတ်ဝန်းကျင်ကို လေးစားရန် အားပေးသည့် ပညာသင်ကြားမှုကို ရပိုင်ခွင့်ရှိခြင်း၊

(င) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ခြင်း၊

(စ) ပညာရေးအဆင့်တိုင်းတွင် ဘက်စုံအတွေးအခေါ် အမြော်အမြင် မြင့်မားပြီး အကျင့်စာရိတ္တ ကောင်းမွန်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်သည့် ခေတ်မီပညာရေးဖြစ်ခြင်း၊

(ဆ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် လိုအပ်သော အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်သူ များကို အဆင့်အလိုက် မွေးထုတ်ခြင်း၊

(ဇ) လွတ်လပ်စွာရပ်တည်သော ကိုယ်ပိုင်စီမံခန့်ခွဲသည့် တက္ကသိုလ်များအဖြစ် ရပ်တည်ခြင်းနှင့် တက္ကသိုလ်ဝင်ခွင့်စနစ်ကို သင်ယူလိုသူ၏ အရည်အချင်းနှင့်ဆန္ဒကို အခြေခံပြီး ရွေးချယ်နိုင်ခွင့် ရှိသောစနစ် ကျင့်သုံးခြင်း၊

(ဈ) ကျောင်းပညာရေးဆိုင်ရာသင်ကြားရေးဌာနများတွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ လူ့အခွင့် အရေးနှင့် လူ့ဂုဏ်သိက္ခာကို အလေးထားပြီး ဘာသာရေးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်း တို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ခြင်း၊

(ည) ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အားကစားကို အားပေးခြင်း၊

(ဋ) ပညာရေးအဆင့်တိုင်းတွင် ပုဂ္ဂလိက၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊

(ဌ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူပြည်သားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဍ) ပညာရေးမြှင့်တင်မှုဆောင်ရွက်ရေးလုပ်ငန်းများတွင် ပြည်သူပြည်သားတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊

(ဎ) ပညာရေးဝန်ထမ်းများအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ခြင်း၊

(ဏ) သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးပြုခြင်း၊

(တ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်းကို သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ထ) ပညာရေးဝန်ထမ်းများသည် အရည်အသွေးပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟို ချုပ်ကိုင်မှုလျှော့ချသည့်စနစ်ကို ကျင့်သုံးခြင်း။

## အခန်း (၄)

## ပညာရယူနည်းများနှင့်အမျိုးအစားများ

၅။ နိုင်ငံတော်တွင် အောက်ဖော်ပြပါ ပညာရယူနည်းများကို ကျင့်သုံးပြီး ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) ကျောင်းပညာရေး၊

(ခ) ကျောင်းပြင်ပပညာရေး၊

(ဂ) ကိုယ်တိုင်သင်ယူပညာရေး။

၆။ ကျောင်းပညာရေးအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံပညာရေး၊

(ခ) နည်းပညာနှင့်သက်မွေးပညာရေး၊

(ဂ) ဆရာအတတ်ပညာရေး၊

(ဃ) အဆင့်မြင့်ပညာရေး။

၇။ ကျောင်းပြင်ပပညာရေးအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာတတ်မြောက်ရေးအစီအစဉ်၊

(ခ) စဉ်ဆက်ပညာရေးအစီအစဉ်၊

(ဂ) ကျောင်းပြင်ပလက်တွေ့ဗဟိုပြုသက်မွေးပညာရေး၊

(ဃ) ကျောင်းပြင်ပပညာရေးဆိုင်ရာအခြားအစီအစဉ်။

၈။ ကိုယ်တိုင်သင်ယူပညာရေးဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာကြည့်တိုက်နှင့်ရုပ်ရှုပညာပဒေသာဌာနများ၊

(ခ) မိသားစုပညာရေး၊

(ဂ) မိရိုးဖလာသက်မွေးပညာရေး၊

(ဃ) ကိုယ်တိုင်တီထွင်ကြံဆထားသော စက်မှုလက်မှုပညာရေး၊

(င) အနုပညာနယ်ပယ်များ၊

(စ) ပြခန်း၊ ပြပွဲ၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊

(ဆ) ရုပ်မြင်သံကြားနှင့်အသံလွှင့်အစီအစဉ်၊ စာနယ်ဇင်း စသည့် မီဒီယာအမျိုးမျိုး၊

(ဇ) သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းလမ်း၊

(ဈ) ကိုယ်တိုင်သင်ယူပညာရေးဆိုင်ရာအခြားနည်းလမ်း။

၉။ ကျောင်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရကျောင်း၊ သင်တန်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ၊

(ခ) ပုဂ္ဂလိကကျောင်း၊ သင်တန်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ၊

(ဂ) အစိုးရအထောက်အပံ့ခံကျောင်း၊ သင်တန်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ၊

(ဃ) ဒေသန္တရအဖွဲ့အစည်းပိုင်ပညာရေးကျောင်း၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊

(စ) ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်း၊

(ဆ) ပညာကို အခမဲ့သင်ပေးသောကျောင်း၊

(ဇ) အထူးပညာရေးအစီအစဉ်ကျောင်း၊

(ဈ) ရွေ့လျားကျောင်း၊

(ည) အရေးပေါ်ယာယီကျောင်း။

၁၀။ ပုဒ်မ ၉ ပါ ကျောင်းများသည် ဥပဒေနှင့်အညီ အပြန်အလှန်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် အစီအစဉ်ရှိရမည်။

## အခန်း (၅)
## အခြေခံပညာကဏ္ဍ

၁၁။ သက်ဆိုင်ရာဒေသရှိတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်ပြီး အရည်အသွေးပြည့်ဝသော မူကြိုပညာရေးကို အကောင်အထည်ဖော်ရန် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပညာရေးကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းအကောင်အထည်ဖော်ရမည်။

၁၂။ အသက် ၃ နှစ်မှ ၅ နှစ်ပြည့်သည့်အရွယ်အထိ ကလေးများအတွက် ကျောင်းအခြေပြုမူကြိုပညာရေးကို အကောင်ထည်ဖော်ရမည်။

၁၃။ အသက် ၅ နှစ်ပြည့်ပြီးသောကလေးအားလုံး ဘက်စုံဖွံ့ဖြိုးရေးအတွက် သူငယ်တန်းကို အခမဲ့မသင်မနေရ ပညာရေးအဖြစ် သတ်မှတ်၍ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် သက်ဆိုင်ရာဒေသ၏ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်ပြီး ဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော လေ့ကျင့်မှုများဖြင့် ပြုစုပျိုးထောင်ရမည်။

၁၄။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရမည်။

၁၅။ ကျောင်းနေအရွယ်ကလေးများသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဘာသာရေးအဖွဲ့အစည်းသင် ပညာရေးကျောင်းများတွင်လည်း အခြေခံပညာသင်ယူမှုအခွင့်အလမ်း ရှိရမည်။

၁၆။ နိုင်ငံတော်သည် လူတိုင်းအကျုံးဝင်ပညာရေးကို ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးနှစ်ရပ်စလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၇။ အခြေခံပညာရေး၏ ကျောင်းပညာသင်ကာလမှာ သူငယ်တန်းပြီးသည့်နောက် ၁၂ နှစ် ဖြစ်ရမည်။

၁၈။ အခြေခံပညာကဏ္ဍတွင် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၉။ အခြေခံပညာရေး၏အဆင့်တိုင်းတွင် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များကို ပညာရေးဝန်ကြီးဌာနက အတည်ပြုပြဌာန်းပြီး ခေတ်နှင့်လျော်ညီစွာ ပုံမှန်ပြန်လည်ပြင်ဆင်မွမ်းမံခြင်း ပြုရမည်။

၂၀။ သူငယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းသည် မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းနှင့် အဆက်အစပ်ရှိရမည်။

၂၁။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများနှင့်အညီ အခြေခံပညာဆိုင်ရာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များကိုသာ အသုံးပြုသင်ကြားရမည်။

၂၂။ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး အပြန်အလှန်ကူးပြောင်းနိုင်ရေးအတွက် တန်းညှိအစီအစဉ်ကို ပညာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်ရမည်။

၂၃။ ကျေးရွာတိုင်းတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသင်ရိုးသင်ပညာရေးစနစ်နှင့် ကျောင်းပြင်ပသင်ပညာရေးစနစ် ပူးတွဲသင်ကြားနိုင်ရေးအတွက် ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရက ကူညီပံ့ပိုးရမည်။

၂၄။ မသန်စွမ်းသူများနှင့် ဉာဏ်ရည်နိမ့်သူများအတွက် အထူးပညာရေးအစီအစဉ်ကို ပညာရေးဝန်ကြီးဌာနက ကူညီပံ့ပိုးရမည်။

၂၅။ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားသည် အခြေခံပညာအဆင့်တွင် သင်ကြားသင်ယူမှုဘာသာစကား ဖြစ်ရမည်။ လိုအပ်ပါက ကလေးများ၏ မိခင်ဘာသာစကားဖြင့် ရှင်းလင်းသင်ကြားနာယူခွင့်ပြုသည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသားဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ဆောင်ရွက်နိုင်သည်။

၂၇။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။

၂၈။ ပြည်ထောင်စုတိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ၊ အနုပညာနှင့် ရိုးရာဓလေ့များကို အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် သင့်လျော်သလိုထည့်သွင်းရမည်။

၂၉။ ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းများ ဖန်တီးပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဖြည့်ဆည်းပေးရမည်။

**ဆရာအတတ်ပညာရေးကဏ္ဍ**

၃၀။ ပြည်ထောင်စုအစိုးရသည် အခြေခံပညာကဏ္ဍ၏ ဆရာလိုအပ်ချက်အရ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များကို သတ်မှတ်ချက်နှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၃၁။ အရည်အသွေးပြည့်ဝသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

၃၂။ ဆရာများ၏ တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များကဦးဆောင်ရေးဆွဲဆောင်ရွက်ရမည်။

## အခန်း (၆)
## အဆင့်မြင့်ပညာကဏ္ဍ

၃၃။ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာရှင်များကို အဆင့်အလိုက် ပီပြင်စွာဖြင့် နိုင်ငံတော်၏လူသားအရင်းအမြစ်လိုအပ်ချက်နှင့်အညီ မွေးထုတ်ရမည်။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်သော နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာသင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

၃၅။ အဝေးသင်ပညာရေးကို နိုင်ငံတကာအဆင့်မီနည်းပညာများဖြင့် မြှင့်တင်ဆောင်ရွက်ရမည်။

၃၆။ ပုဂ္ဂလိကတက္ကသိုလ်နှင့်ကောလိပ်များကို ဥပဒေနှင့်အညီ ထူထောင်ခွင့်ပြုရမည်။

၃၇။ တက္ကသိုလ်များသည် -

(က) သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။ သုတေသနတွေ့ရှိချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်ခြင်း၊ အသုံးချခြင်းနှင့် ပြည်သူတို့၏ အသိပညာတိုးပွားမှုကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပြည်တွင်းပြည်ပတက္ကသိုလ်များ အဖွဲ့အစည်းများနှင့် သုတေသနပြုလုပ်မှု အပါအဝင် ပညာရပ်ဆိုင်ရာ ကိစ္စရပ်များတွင် လွတ်လပ်စွာပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဂ) သက်ဆိုင်ရာတက္ကသိုလ်အချင်းချင်း အပြန်အလှန်ကူးပြောင်းချိတ်ဆက် သင်ယူနိုင်သည့်စနစ်ကို သတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

(င) တက္ကသိုလ်အင်္ဂါရပ်များနှင့် ပြည့်မီသည့် အခြေခံအဆောက်အအုံများ၊ ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဆောင်ရွက်ရမည်။

## အခန်း (၇)

## နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍ

၃၈။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ထုတ်လုပ်ငန်းတိုးတက်မှု၊ နိုင်ငံသားများ၏ အလုပ်အကိုင်ရရှိမှု၊ တစ်ဦးချင်းဝင်ငွေတိုးတက်မှုတို့အတွက် နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မည်။

၃၉။ နိုင်ငံသားများ၏ နည်းပညာနှင့်သက်မွေးပညာရပ်များ သင်ယူနိုင်မှုအခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်မည်။

၄၀။ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ပညာရပ်နယ်ပယ်ပေါင်းစုံမှ နည်းပညာနှင့်သက်မွေးပညာကျွမ်းကျင်သူများကို နိုင်ငံတော်၏ လူသားအရင်းအမြစ်လိုအပ်ချက်နှင့် ကိုက်ညီစွာ မွေးထုတ်ရမည်။

၄၁။ သက်မွေးပညာရှင်များ၏ သက်မွေးပညာအပေါ် တန်ဖိုးထားလေးစားမှု၊ ပညာရပ်ဆိုင်ရာကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှု၊ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်မှုနှင့် တာဝန်ယူမှုတို့ကို တစ်ဆက်တစ်စပ်တည်း လေ့ကျင့်ပျိုးထောင်ပေးရမည်။

၄၂။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်သက်မွေးပညာသင် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်။

၄၃။ နည်းပညာနှင့်သက်မွေးပညာကို အရည်အသွေးအာမခံချက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုခံရရေးအတွက် ရလဒ်အခြေပြုအကဲဖြတ်နည်းဖြင့် အစဉ်မြှင့်တင်ဆောင်ရွက်ရမည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးနှင့် လုပ်ငန်းဌာနများ၏ လိုအပ်ချက်အလိုက် နည်းပညာနှင့်သက်မွေးပညာသင်အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် ကာလတိုသင်တန်းများဖွင့်လှစ်၍ နည်းပညာနှင့်သက်မွေးပညာကျွမ်းကျင်သူများကို မွေးထုတ်ရမည်။

၄၅။ ဆီလျော်ပြီး ခေတ်မီသောသင်ရိုး၊ မျှတသောဝင်ခွင့်စနစ်နှင့် ထိရောက်သောစစ်ဆေးအကဲဖြတ်ရေးမူများကို ချမှတ်ရေးဆွဲပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေသောသင်တန်းများကို ဖွင့်လှစ်မည်။

၄၆။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာကျောင်းများနှင့် သင်တန်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသောကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။

၄၇။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ပညာရေးကိစ္စရပ်များတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။ လိုအပ်ပါက ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးကဏ္ဍ

၄၈။ ကျောင်းပညာရေးနည်းလမ်းဖြင့် ပညာသင်ယူခွင့်မရသူများအတွက် အခွင့်အလမ်းအဖြစ် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ရမည်။

၄၉။ ကျောင်းပြင်ပပညာရေးသည် အခြေခံပညာရရှိခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သက်မွေးပညာအခြေခံကိုပါ ပေးစွမ်းနိုင်ရေးကို ဦးတည်ရမည်။

၅၀။ ကျောင်းပြင်ပပညာရေးကို ကျောင်းပညာရေးဖြစ်သည့် အခြေခံပညာကိုသော်လည်းကောင်း၊ သက်မွေးပညာရပ်ကိုသော်လည်းကောင်း ဆက်လက်သင်ယူနိုင်ရေးအတွက် တန်းညှိအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမည်။

၅၁။ အခြေခံစာတတ်မြောက်ရေး သို့မဟုတ် မူလတန်းပညာရေးကို ဦးစွာသင်ယူစေပြီးမှ စဉ်ဆက်မပြတ်ပညာရေးဖြင့် ဆက်လက်သင်ယူစေရေး ဆောင်ရွက်ရမည်။

၅၂။ ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရေးအတွက် ရပ်ရွာပညာပဒေသာဌာနများ ဖွဲ့စည်းဆောင်ရွက်နိုင်ပြီး ကျောင်းသင်ရိုးသင်ပညာရေးကိုလည်း ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့်ပူးတွဲဆောင်ရွက်ရမည်။

၅၃။ မသန်စွမ်းသောကလေးများ၊ ပညာသင်ယူမှုအခွင့်အလမ်းနည်းပါးသောကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်ဖြစ်သောကလေးများနှင့် ရွှေ့လျား သို့မဟုတ် အိုးအိမ်နှင့်ရပ်ရွာအတည်တကျမရှိသော ကလေးများအတွက် ဆီလျော်သည့် ကျောင်းပြင်ပပညာရေးအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၅၄။ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၅၅။ ကိုယ်တိုင်သင်ယူပညာရေးအခွင့်အလမ်းများ ရရှိရန် နိုင်ငံတော်က ပံ့ပိုးကူညီပေးရမည်။

## အခန်း (၉)
## ပညာရေးဆိုင်ရာတာဝန်နှင့်အခွင့်အရေးများ

၅၆။ နိုင်ငံသားများ၏ ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝသော ပညာရေးကို သင်ယူရန် တန်းတူအခွင့်အရေးရှိခြင်း၊

(ခ) မိမိသင်ယူလိုသမျှ ပညာရပ်များကို ဘဝတစ်လျှောက်လုံးတွင် သင်ယူနိုင်ခွင့်ရှိခြင်း၊

(ဂ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်စေတနာကောင်းများဖြင့် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိခြင်း။

၅၇။ ကျောင်းသားများ၏ ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ယူခွင့်ရှိခြင်း၊

(ခ) အရည်အသွေးအာမခံချက်ရှိသည့် ပညာရေးကို ရယူပိုင်ခွင့်ရှိခြင်း၊

(ဂ) ဘာသာရပ်ဆိုင်ရာသင်ယူခွင့်နှင့်ပတ်သက်၍ လမ်းညွှန်မှုခံယူခွင့်၊ တိုင်ပင်ဆွေးနွေးခွင့်ရှိခြင်း၊

(ဃ) မိမိစိတ်ပါဝင်စားသောဘာသာရပ်ကို ရွေးချယ်ခွင့်ရှိပြီး အရည်အချင်းကိုက်ညီပါက တက်ရောက်ခွင့်ရှိခြင်း၊

(င) ကျောင်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း။

၅၈။ မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိတို့၏ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်ရန် တာဝန်ရှိခြင်း၊

(ခ) မိမိတို့၏ကလေးများကို ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများ ရရှိရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ ဟန်ချက်ညီညီဖွံ့ဖြိုးရေးအတွက် သွန်သင်ဆုံးမပေးရန် တာဝန်ရှိခြင်း၊

(ဂ) မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် ကျောင်းပြီးဆုံးစေရန်အတွက် ကျောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိခြင်း။

၅၉။ ဆရာများ၏ ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျောင်းသားများ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပညာထူးချွန်ရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း၊

(ခ) ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို အမြဲမပြတ်ကြီးကြပ်ကွပ်ကဲခြင်း၊ တိုင်းတာအကဲဖြတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို စနစ်တကျနှင့် မျှတစွာဆောင်ရွက်ခြင်း၊

(ဂ) ပညာသင်ကြားရာတွင် ဆရာနှင့်ကျောင်းသား အပြန်အလှန်အလေးထားဆက်ဆံပြီး ကျောင်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမရှိစေဘဲ သင်ကြားပေးခြင်း၊

(ဃ) ဆရာများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ရရှိနိုင်ခွင့်ရှိခြင်း။

## **အခန်း (၁၀)**
## **ပညာရေးစီမံခန့်ခွဲမှု**

၆၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားပညာရေးကောင်စီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆၁။ အမျိုးသားပညာရေးကောင်စီသည် -

(က) တက္ကသိုလ်များ၏ လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ အောက်တွင် ပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၆၂။ အမျိုးသားပညာရေးကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးဆိုင်ရာရေတိုရေရှည်စီမံကိန်းများ ပြုစုတင်ပြခြင်းအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခြင်းနှင့် ပြည်ထောင်စုအစိုးရထံ စိစစ်ထောက်ခံတင်ပြခြင်း၊

(ခ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီက မိမိနှင့်သက်ဆိုင်သည့် တက္ကသိုလ်များအတွက် လိုအပ်သော ပညာရေးအသုံးစရိတ်တင်ပြချက်များအပေါ် စိစစ်ထောက်ခံတင်ပြတောင်းခံပေးခြင်း၊

(ဂ) ပြည်ထောင်စုအဆင့်ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များထံမှ ပညာရေးကဏ္ဍအတွက် ငွေကြေးနှင့် အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခြင်း၊ ရပ်စဲခြင်း၊ ပိတ်သိမ်းခွင့်ပြုခြင်း၊

(င) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို စိစစ်သတ်မှတ်နိုင်ရန် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(စ) မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဆ) အမျိုးသားပညာရည်မြင့်မားရေးအတွက် လိုအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၆၃။ (က) အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာဝန်ကြီးဌာနက စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို ဆောင်ရွက်ရမည်။

(ခ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်သက်ဆိုင်သည့် တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာတက္ကသိုလ်များက လွတ်လပ်စွာစီမံခန့်ခွဲဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်ရှိ တက္ကသိုလ်များကို သက်ဆိုင်ရာဝန်ကြီးဌာနက စီမံခန့်ခွဲဆောင်ရွက်ရမည်။

၆၄။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်သက်ဆိုင်သည့် တက္ကသိုလ်များကို ပညာရပ်အလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ လိုအပ်သလို စုဖွဲ့ဆောင်ရွက်နိုင်သည်။

၆၅။ အမျိုးသားပညာရေးကောင်စီအောက်တွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရသော်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရသော်လည်းကောင်း ကောင်စီ သို့မဟုတ် အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်။

၆၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီရမည်ဖြစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၁)
## အရည်အသွေးအာမခံမှု

၆၇။ ပညာရေးအဆင့်အားလုံးတွင် ပညာရေးဆိုင်ရာအရည်အသွေးအာမခံမှုစနစ်တစ်ခု ရှိရမည်။ အဆိုပါစနစ်တွင် အတွင်းအရည်အသွေးအာမခံမှုကို အကဲဖြတ်ခြင်းနှင့် ပြင်ပအရည်အသွေးအာမခံမှုကို အကဲဖြတ်ခြင်းတို့ ပါဝင်ရမည်။

၆၈။ အမျိုးသားပညာရေးကောင်စီသည် ပညာရေးဆိုင်ရာအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကို အကဲဖြတ်သည့် လွတ်လပ်သော အရည်အသွေးအာမခံမှု စိစစ်အသိအမှတ်ပြုရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

## အခန်း (၁၂)
## ဘဏ္ဍာရေး

၆၉။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် ပညာရေး၏ ကဏ္ဍအသီးသီးကို အကောင်အထည်ဖော်မှုတွင် လိုအပ်သောဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ထောက်ပံ့ရန် တာဝန်ရှိသည်။

၇၀။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်သက်ဆိုင်သည့် နိုင်ငံပိုင်တက္ကသိုလ်များသည် ဘဏ္ဍာငွေကို ပြည်ထောင်စုအစိုးရထံမှ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ တစ်လုံးတစ်ခဲတည်း ထောက်ပံ့ငွေပုံစံဖြင့် နှစ်စဉ်ရယူဆောင်ရွက်ရမည်။

၇၁။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်သက်ဆိုင်သော နိုင်ငံပိုင်တက္ကသိုလ်များသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်နိုင်သည်။

၇၂။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်ခြင်းမရှိသော နိုင်ငံပိုင်တက္ကသိုလ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တာဝန်ခံမှုဖြင့် ပညာရေးဆိုင်ရာအသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ အဆိုပြုတင်ပြရယူဆောင်ရွက်ရမည်။

၇၃။ အခြေခံပညာကဏ္ဍအတွက် လိုအပ်သည့် ပညာရေးဆိုင်ရာအသုံးစရိတ်များကို ပညာရေးဝန်ကြီးဌာန၏ တာဝန်ခံမှုဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ အဆိုပြုတင်ပြရယူဆောင်ရွက်ရမည်။

၇၄။ ပုဒ်မ ၇၀၊ ၇၂ နှင့် ၇၃ တို့ပါ ကဏ္ဍများတွင် မပါဝင်သော ပညာရေးဆိုင်ရာအသုံးစရိတ်များကို သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်ခံမှုဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အဆိုပြုတင်ပြရယူရမည်။

၇၅။ (က) တက္ကသိုလ်များသည် ပြည်တွင်း၊ ပြည်ပ တရားဝင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာရှင်များ၏ အထောက်အပံ့ သို့မဟုတ် အလှူငွေကို လက်ခံခွင့်ရှိသည်။

(ခ) အခြေခံပညာကျောင်းများနှင့် နည်းပညာနှင့်သက်မွေးပညာသင်တန်း၊ သိပ္ပံ၊ ကျောင်းများသည် တရားဝင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာရှင်များ၏ အထောက်အပံ့နှင့် အလှူငွေကို လက်ခံခွင့်ရှိသည်။

၇၆။ အစိုးရကျောင်း၊ သင်တန်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များသည် ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးထားသော စာရင်းစစ်အဖွဲ့အဆင့်ဆင့်၏ စစ်ဆေးမှုကို ခံယူ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ

၇၇။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ရှိခဲ့သော ကျောင်း၊ သင်တန်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များသည် ဤဥပဒေပြဋ္ဌာန်းချက်များ၊ ပညာရေးနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့် အကျုံးဝင်မှုမရှိလျှင် တရားဝင်ဆက်လက်တည်ရှိနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၄)
## အထွေထွေပြဋ္ဌာန်းချက်များ

၇၈။ ဘာသာရေးကိုသာ သင်ကြားသောကျောင်းများသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၇၉။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာအခြားဥပဒေများတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ဤဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်ကျင့်သုံးနိုင်သည်။

၈၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အမျိုးသားပညာရေးကောင်စီနှင့် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၄)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။) မှ အဆက် ]**

## အခန်း (၁၄)

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ

၅၆။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်ရမည် -

(က) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) တရားရုံးမှချမှတ်သော ဒဏ်ငွေ၏ငါးရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့်ပစ္စည်းများ။

၅၇။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များ ကျခံရန် ခွင့်ပြုနိုင်သည် -

(က) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်သည့်ကိစ္စများ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေး ခြင်းနှင့် ဖော်ထုတ်ရာတွင် ကူညီထောက်ပံ့ပေးသည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုကြေးငွေချီးမြှင့်သည့်ကိစ္စများ၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိ ပညာပေး အစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းဆိုင်ရာကုန်ကျစရိတ်များ၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက် သည့် ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက် သူအား ဆုငွေချီးမြှင့်သည့်ကိစ္စများ။

## အခန်း (၁၅)

## အထွေထွေ

၅၈။ သက်ဆိုင်ရာဝန်ကြီးဌာနက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ပေးရမည်။

၅၉။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များ တင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာလျှို့ဝှက်ချက်ထားရှိရေး ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့် အကြောင်းကြောင့် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မပြုရ၊

(ခ) သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၆၀။ ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၆၁။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင် -

(က) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများသည် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသောအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့်ပစ္စည်းများကို ရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်း သက်သေတင်ပြရန် လိုအပ်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဂ) ပြစ်မှုကျူးလွန်သူ၏ အသိအမြင်၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်တို့သည် မူလပြစ်မှု၏ အခြေခံအချက်များ အထိုက်အလျောက်ဖြစ်စေကာမူ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုပြစ်မှုများတွင် ၎င်း၏အချက်များကို ဖြစ်ရပ်မှန်အကြောင်းခြင်းရာများမှ ကောက်ချက်ချနိုင်သည်။

၆၂။ ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံနေရသူမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့်ပစ္စည်းများအား သဘောရိုးဖြင့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ရပိုင်ခွင့်နှင့်အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၆၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်

များအရ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက် ရရှိစေရမည်။

၆၄။ ငွေကြေးခဝါချမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူ မည်သူမဆို ယင်း၏အခွင့်အရေးများ ရရှိရေးအတွက် ယင်းပုဂ္ဂိုလ် နိုင်ငံသားဖြစ်သည့်နိုင်ငံ၏ အနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

၆၅။ ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့် အမိန့်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည်။

၆၆။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းများ၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏ အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်ဥပဒေအရ အရေးယူခြင်းခံရမည်။

၆၇။ ပုဒ်မ ၅ ပါ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းအား -

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဎ) ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

(ခ) ဤဥပဒေ စတင်အာဏာမတည်မီက ပုဒ်မ ၃၊ ပုဒ်မခွဲ (ဎ) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်သက်ဆိုင်သော ပြစ်မှုများကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေဖြင့် အရေးယူရမည်။

၆၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့သည် လိုအပ်သော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၂) အရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခု

အရဖြစ်စေ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၁။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက် )

### ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the First and Second Schedules to this Act annexed, and may like manner cancel or vary such order."

၃။ ရုံးခွန်အက်ဥပဒေဇယား ၁ နှင့် ဇယား ၂ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

## SCHEDULE I
## AD VALOREM *fees*

| Number | - | Proper fee |
|---|---|---|
| **1.** Plaint, written statement pleading set-off or counter claim or, memorandum of appeal (not otherwise provided for in this Act) or of crossobjection presented to any Civil Court or Revenue authority except those mentioned in section 3. | On the amount or value of the subjectmatter in dispute. | - 0.5 per centum on the amount or value specified in such document.<br>- Provided that the maximum fee leviable shall be kyat 500,000. |
| **2.** Plaint in a suit for possession under the Specific Relief Act, section 9. | - - - - - - - | - A fee of one-half the amount prescribed in the foregoing scale. |
| **3.** - - - - - - - | - - - - - - - | - - - - - - - |
| **4.** Application for review of judgment, if presented on or after the ninetieth day from the date of the decree. | - - - - - - - | - The fee leviable on the plaint or memorandum of appeal under Article No.1 of this schedule. |
| **5.** Application for review of judgment, if presented before the ninetieth day from the date of the decree. | - - - - - - - | - One-half of the fee leviable on the plaint or memorandum of appeal under Article No.1 of this schedule. |
| **6.** Copy or translation of a judgment or order not being, or having the force of a decree. | (a) When such judgment or order is passed by any Civil Court other than the Supreme Court, or by any officer of any Revenue authority or Office or by any Developement Comittee or by any other Judicial or Executive authority - | |
| | (i) If the amount or value of the subject-matter is kyat 100,000 or less than kyat 100,000. | - Kyat 50. |
| | (ii) If such amount or value exceeds kyat 100,000. | - Kyat 100. |
| | (b) When such judgment or order is passed by the Supreme Court. | - Kyat 150. |
| **7.** Copy of a decree or order having the force of a decree. | (a) When such decree or order is made by any Civil Court | |

| Number | - | Proper fee |
|---|---|---|
| | other than the Supreme Court, or by any Revenue Court -<br>(i) If the amount or value of the subject-matter of the suit wherein such decree or order is made is kyat 100,000 or less than kyat 100,000.<br>(ii) If such amount or value exceeds kyat 100,000.<br>(b) When such decree or order is made by the Supreme Court. | - Kyat 150.<br>- Kyat 250.<br>- Kyat 1,000. |
| **8.** Copy of any document liable to stamp - duty under the Myanmar Stamp Act, when left by any party to a suit or proceeding in place of the orginal withdrawn. | (a) When the stamp-duty chargeable on the original does not exceed kyat 50.<br>(b) In any other case. | - The amount of the duty chargeable on the original.<br>- Kyat 100. |
| **9.** Copy of any revenue or judicial proceeding or order not otherwise provided for by this Act, or copy of any account, statement, report of the like, taken out of any Court or Revenue Appellate Tribunal or Office, or from the office of any chief officer charged with the executive administration of a Region. | For every page of the original and part thereof. | - Kyat 50. |
| **10.** - - - - - - - | - - - - - - - | - - - - - - - |
| **11.** Probate of a will or letters of administration with or without will annexed. | (a) When the amount or value of the property in respect of which the grant of probate or letters of administration is made exceeds kyat 100,000 but does not exceed kyat 1,000,000.<br>(b) When such amount or value exceeds kyat 1,000,000 but does not exceed kyat 10,000,000.<br>(c) When such amount or value exceeds kyat 10,000,000.<br>Provided that when, after the grant of a Succession Certificate in respect of any property included in an estate, a grant of probate or letters of administration is made in respect of the same estate, the fee payable in respect of the latter grant shall be reduced by the amount of the fee paid in respect of the fomer grant. | - Five per centum on such amount or value.<br>- Six per centum on such amount or value.<br>- Seven per centum on such amount or value.<br>Provided that the maximum fee leviable on Application or memorandum of appeal for such probate or letters shall be kyat 500,000. |

| Number | - | Proper fee |
| --- | --- | --- |
| **12.** Succession Certificate. | In any case. | - Five per centum on the amount or value of any debt or security specified in the certificate, and seven per centum on the amount or value of any debt or security to which the certificate is extended.<br>Provided that the maximum fee leviable on application or memorandum of appeal for such certificate shall be kyat 500,000.<br>**Note** (1) The amount of a debt is its amount, including interest on the day on which the inclusion of the debt in the certificate is appiled for, so far as such amount can be ascertained.<br>**Note** (2) Whether or not any power with respect to a security specified in a certificate has been conferred under the Act and where such a power has been so conferred, whether the power is for the receiving of interest or dividends on, or for the negotiation or transfer of the security, or for both purposes, the value of the security is its market-value on the day on which the inclusion of the security in the certificate is applied for, so far as such value can be ascertained. |
| **12.** A. - - - - - - - | - - - - - - - | - - - - - - - |
| **13.** - - - - - - - | - - - - - - - | - - - - - - - |
| **14.** Application to any Court for the exercise of its revisional jurisdiction. | (a) When the amount or value of the subject-matter in dispute does not exceed Kyat 100,000. | - Kyat 2,000. |
| | (b) When such amount or value exceeding kyat 100,000 but not exceeding kyat 10,000,000. | - Kyat 10,000. |
| | (c) When such amount or value exceeds kyat 10,000,000. | - Kyat 20,000. |
| **15.** - - - - - - - | - - - - - - - | - - - - - - - |

# SCHEDULE II
## *Fixed fees*

| Number | - | Proper fee |
|---|---|---|
| **1.** Application or Petition. | (a) When presented to any Court, Government Department and Organization or Development Committee at Township level.<br>(b) When presented to any Court, Government Department and Organization or Development Committee at District level.<br>(c) When presented to any Court, Government Department and Organization or Development Committee at Regional or State level.<br>(d) When presented to any Government Department and Organization at Directorate and Central level.<br>(e) When Presented to the Supreme Court. | - Kyat 50.<br>- Kyat 100.<br>- Kyat 200.<br>- Kyat 300.<br>- Kyat 500. |
| **1.A.** Application to any Civil Court that records may be called for from another Court. | When the Court grants the application and is of opinion that the transmission of such records involves the use of the post. | - Kyat 1,000 in addition to any fee levied on the application under clause (a), clause (b), clause (c) or clause (d) of Article 1 of this Schedule. |
| **2.** Application for leave to sue as a pauper. | When presented to any Court contained in No.1. | One-half the amount of proper fee prescribed in Article 1 of this Schedule. |
| **3.** Application for leave to appeal as a pauper. | (a) When presented to any District Court.<br>(b) When presented to any Regional or State Court.<br>(c) When presented to the Supreme Court. | - Kyat 100<br>- Kyat 200<br>- Kyat 300 |
| **4.** - - - - - - - | - - - - - - - | - - - - - - - |
| **5.** Plaint or memorandum of appeal in a suit to establish or disprove a right of occupancy. | - - - - - - - | - Kyat 200 |

| Number | - | Proper fee |
|---|---|---|
| **6.** Bail-bond or other instrument of obligation given in pursuance of an order made by a Court or Magistrate under any section of the Code of Criminal Procedure, or the Code of Civil Procedure, and not otherwise provided for by this Act. | - - - - - - - | - Kyat 200 |
| **7.** Undertaking under section 49 of the Myanmar Divorce Act. | - - - - - - - | - Kyat 200 |
| **8.** - - - - - - - | - - - - - - - | - - - - - - - |
| **9.** - - - - - - - | - - - - - - - | - - - - - - - |
| **10.** Authority to plead or act for another person. | When presented for the conduct of any one case to any Court, Department and Organization or Committee prescribed in clauses (a), (b), (c), (d) and (e) of Article No.1 of this Schedule. | The same amount of proper fee prescribed in Article No.1 of this Schedule. |
| **11.** Memorandum of appeal when the appeal is not from a decree or an order having the force of a decree and is presented. | (a) to any Government Department and Organization or Development Committee at District and Regional or State levels.<br>(b) to any Directorate, Central level City Development Department and the Supreme Court. | - Kyat 200<br>- Kyat 500 |
| **12.** Caveat ... ...... | - - - - - - - | - Kyat 1,000. |
| **13.** - - - - - - - | - - - - - - - | - - - - - - - |
| **14.** - - - - - - - | - - - - - - - | - - - - - - - |
| **15.** - - - - - - - | - - - - - - - | - - - - - - - |
| **16.** - - - - - - - | - - - - - - - | - - - - - - - |
| **17.** Plaint or memorandum of appeal in each of the following suits -<br>(i) To alter or set aside a summary decision or order of any Court other than the Superme Court;<br>(ii) To alter or cancel any entry in a register of the names of proprietors of revenue-paying estates; | - - - - - - - | - Kyat 1,000. |

| Number | - | Proper fee |
|---|---|---|
| (iii) To obtain a declaratory decree where no consequential relief is prayed;<br>(iv) To set aside an award;<br>(v) To set aside an adoption;<br>(vi) Every other suit where it is not possible to estimate at a money -value the subject-matter in dispute, and which is not otherwise provided for by this Act. | | |
| **18.** Application under the Arbitration Act, 1944, or for arbitration or settlement of dispute or enforcement of award under any other Laws and Agreements. | - - - - - - - | - Kyat 2,000. |
| **19.** Agreement in writing stating a question for the opinion of the Court under the Code of Civil Procedure. | - - - - - - - | - Kyat 2,000. |
| **20.** Every petition under the Myanmar Divorce Act, except petitions under section 44 of the same Act, and every memorandum of appeal under section 55 of the same Act. | - - - - - - - | - Kyat 4,000. |
| **21.** Plaint or memorandum of appeal under the Parsi Marriage and Divorce Act. | - - - - - - - | - Kyat 4,000. |

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက် )

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော -

(က) "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) "ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ" ဆိုသည့် စကားရပ်အစား "စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ထ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ထ) အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများလည်း ပါဝင်သည်။

(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူးဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိနှင့် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (န) ၏နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ပ) ငွေချေးသက်သေခံလက်မှတ်ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(ဖ) စည်းကြပ်မှုဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကို တွက်ချက်စည်းကြပ်ခြင်းအပြင် အခွန်ထမ်းကိုယ်တိုင်မှ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ မိမိပေးဆောင်ရမည့်အခွန်ကို ပေးသွင်း၍ စည်းကြပ်မှုခံယူခြင်း၊ ယာယီစည်းကြပ်မှုခံယူခြင်းနှင့် ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုခံယူခြင်းတို့လည်း ပါဝင်သည်။

(ဗ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာဥပဒေကို ဆိုသည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ဝင်ငွေခွန်ကျသင့်စေခြင်း (က) မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့်ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းပြုသည့်အခါ အဆိုပါစည်းကြပ်နှစ်နှင့်သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ကင်းလွတ်ခွင့်များ (က) ဤဥပဒေသည် အောက်ပါဝင်ငွေအမျိုးအစားတို့နှင့် မသက်ဆိုင်စေရ -

(၁) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုသောဝင်ငွေ၊

(၂) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ အခွန်အခရရှိငွေ၊

(၃) ပင်စင်မှ ပြောင်းလဲ၍ရရှိသောငွေ၊ လစာဝင်ငွေခေါင်းစဉ်တွင် ပါဝင်သည့် ကရုဏာကြေး၊

(၄) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့်လျော်ကြေး၊

(၅) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ရရှိငွေ၊

(၆) အဖန်တလဲလဲမဟုတ်ဘဲ တစ်ခါတစ်ရံရရှိသည့်ဝင်ငွေ၊ သို့သော် အောက်ပါတို့ မပါဝင်စေရ -

(ကက) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊

(ခခ) လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့်ဝင်ငွေ၊

(၇) ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့်အမြတ်ဝေစု။

(ခ) (၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့် ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(၂) ပြည်ထောင်စုအစိုးရသည် အောက်ပါဝင်ငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း သို့မဟုတ် အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည် -

(ကက) ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် လှူဒါန်းခြင်းမှရရှိသည့်ဝင်ငွေ၊

(ခခ) နိုင်ငံတော်အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် အထောက်အပံ့များ၊

(ဂဂ) နိုင်ငံတော်မှ ရယူသည့် သက်သာသောချေးငွေ သို့မဟုတ် တရားဝင် ဖွံ့ဖြိုးမှုအကူအညီချေးငွေတို့အတွက် ပေးချေရသည့်အတိုး၊

(ဃဃ) သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်း သို့မဟုတ် အလှူငွေ။

(ဂ) အသစ်ထူထောင်သောစက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအထိ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် သတ်မှတ်ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏအထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုရမည်။

(ဃ) တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။”

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော “ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍” ဆိုသည့် စကားရပ်ကို “မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) နှင့် (ဃ) တို့ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၆ ၏နောက်တွင် ပုဒ်မ ၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆-က။ လှူဒါန်း ငွေများ
ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသောငွေထက် မပိုစေရ။

**ရှင်းလင်းချက်။** ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူ အကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။"

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှဝင်ငွေနှင့် အခြားရလမ်းမှဝင်ငွေဖြစ်လျှင် ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်။ ကျန်ခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကို သီးခြားစီစည်းကြပ်ရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ရှင်းလင်းချက်။ စီးပွားရေးလုပ်ငန်းဆိုသည်တွင် -

(က) မည်သည့်ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းများ မဆို ပါဝင်သည်။

(ခ) ထို့ပြင် ငွေချေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့ ပါဝင်သည်။"

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ
မည်သူမဆို မိမိ မည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖော်ပြနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေ အပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။"

ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။"

၁၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄-ခ တွင် ပါရှိသော "ဇနီးနှင့် အိမ်ထောင်မကျသေးသည့် သားသမီး" ဆိုသည့် စကားရပ်အစား "အိမ်ထောင်ဖက်နှင့် အိမ်ထောင်မကျသေးသည့် သားသမီး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ ဝင်ငွေရရှိသည့် အချိန်၌ အခွန်ကို ထုတ်ပေးငွေမှ နုတ်ယူပေးသွင်းရန် နည်းလမ်းများ

(က) လစာခေါင်းစဉ်နှင့်အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေမှ ကျသင့်သော အခွန်ကို နုတ်ယူရမည်။ ထိုသို့နုတ်ယူရာတွင် သက်ဆိုင်သူ၏ နှစ်တစ်နှစ်အတွင်း အဆိုပါခေါင်းစဉ်မှ ဝင်ငွေအရပ်ရပ်ပေါင်းအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်၍ အတတ်နိုင်ဆုံး အညီအမျှ အရစ်များဖြင့် နုတ်ယူပြီး ပေးသွင်းရမည်။

သို့ရာတွင် ဝင်ငွေရရှိသည့်နှစ်အတွင်း အခွန်ကို ပိုမိုနုတ်မိလျှင်သော်လည်းကောင်း၊ လျော့နည်းနုတ်မိလျှင်သော်လည်းကောင်း ကျန်အရစ် သို့မဟုတ် အရစ်များကို လျော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူနိုင်သည်။

(ခ) လစာခေါင်းစဉ်ဖြင့် ရရှိသောဝင်ငွေမှအပ ကျန်ခေါင်းစဉ်များဖြင့် ရရှိသောဝင်ငွေ အမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေရန် ကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ နုတ်ယူသောငွေအားလုံးကို နုတ်ယူသူသည် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသောအချိန်နှင့် နည်းလမ်းများအတိုင်း ပြည်ထောင်စုအစိုးရသို့ ပေးသွင်းရမည်ဖြစ်ပြီး ဤကိစ္စနှင့်စပ်လျဉ်းသော သတ်မှတ်ချက်အားလုံးကိုလည်း လိုက်နာရမည်။

(ဃ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ထိုအခွန်နှင့်စပ်လျဉ်း၍ ပေးဆောင်ရန် ပျက်ကွက်သူအဖြစ် မှတ်ယူအရေးယူခြင်းခံရမည်။ ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

**ရှင်းလင်းချက်။** ဤပုဒ်မအရ ငွေထုတ်ပေးရန် တာဝန်ရှိသူဆိုသည်မှာ တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ဖြစ်ပြီး ပုဂ္ဂိုလ်စုပိုင်လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်စုသာဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာငွေထုတ်ပေးရန် တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်း ဖြစ်သည်။"

၁၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ၏နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၆-က။ ဝင်ငွေနှစ်အတွင်း အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများ

(က) ပုဒ်မ ၁၆ ပါ ဝင်ငွေရရှိသည့်အချိန်၌ အခွန်နုတ်ယူပေးဆောင်ရမည့် ဝင်ငွေအမျိုးအစားများမှအပ ကျန်ဝင်ငွေခေါင်းစဉ်ပါ ဝင်ငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ အခွန်ထမ်းသည် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ် ကျသင့်မည့်အခွန်ကို ကြိုတင်၍ ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျသင့်မည့်အခွန်ကို သုံးလ တစ်ကြိမ် အရစ်ဖြင့် သက်ဆိုင်ရာသုံးလမကုန်မီ သတ်မှတ်ထားသောနည်းလမ်းအတိုင်း ပေးသွင်းရမည်။

(ဂ) ဤပုဒ်မအရ ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက် လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။

၁၆-ခ။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်စေခြင်း သို့မဟုတ် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ပေးဆောင်စေခြင်းတို့အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။”

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) ဝင်ငွေနှစ်အတွင်း သို့မဟုတ် ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ထားသူအားဖြစ်စေ၊ ဝင်ငွေကြေညာလွှာပေးပို့ပြီးသူအားဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ရန် သက်ဆိုင်ရာစည်းကြပ်နှစ်ကုန်ဆုံးပြီး သုံးနှစ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားစာအတည်ပြုချအပ်ထားပြီးသူအားဖြစ်စေ မည်သည့်အချိန်တွင်မဆို သက်သေခံအထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါဝင်သော ပစ္စည်းစာရင်းပုံစံကို ပြသရန် အကြောင်းကြားနိုင်သည်။ ခေါ်ယူစစ်ဆေးခြင်း၊ စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မခွဲပါ ပစ္စည်းစာရင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝင်ငွေခွန်စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။”

၁၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ (က) အရဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ ဝင်ငွေကြေညာလွှာ ပေးပို့ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရနိုင်သရွေ့ အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။ ယင်းသို့စည်းကြပ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။”

၁၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော “ပြည်ထောင်စုအစိုးရ” ဆိုသည့် စကားရပ်အစား “ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးသည်လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့် အဖွဲ့များသည်လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက် )

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ)၊ (ဃ)၊ (ဈ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဃ) **ဝန်ဆောင်မှု**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဈ) **တင်သွင်းသူ**ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ မည်သည့်နည်းလမ်းဖြင့်မဆို ပြည်ပမှတင်သွင်းဆောင်ရွက်သူကို ဆိုသည်။

(ထ) **မြို့နယ်အခွန်ဦးစီးဌာနမှူး**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာမြို့နယ်အခွန်

ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၀ အရ တာဝန်ခွဲဝေပေးအပ်ထားသော ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများလည်း ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ထ) ၏နောက်တွင် ပုဒ်မခွဲ (ဒ)၊ (ဓ) နှင့် (န) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဒ) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ၊ ကုန်စည်ချင်းလဲလှယ်ခြင်းစနစ်ဖြင့်ဖြစ်စေ၊ အပ်ကုန်စနစ်ဖြင့်ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဓ) **ကုန်သွယ်မှုဆောင်ရွက်သူ**ဆိုသည်မှာ ကုန်သွယ်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အဖြစ်ဖြစ်စေ၊ အခြားမည်သည့်နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်သူကို ဆိုသည်။

(န) **ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာဥပဒေကို ဆိုသည်။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။"

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပုဒ်မ ၄ အရ ကျသင့်သောအခွန်ကို -

(က) ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ပေးဆောင်ရမည်။

(ခ) ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရမည်။

(ဂ) ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အထူးကုန်စည်များဖြစ်ပါက ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။"

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် -

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။"

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၇ ၏နောက်တွင် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူ အကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။"

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ကုန်စည်တစ်မျိုးမျိုးအတွက်ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊

(၂) အသစ်ထူထောင်သော လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ပေးခြင်း -

(ကက) အသစ်တည်ဆောက်ရာတွင် သို့မဟုတ် ဆောင်ရွက်ဆဲလုပ်ငန်းများတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှတင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ခခ) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ်စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(၃) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း။

(ခ) ပြည်ထောင်စုအစိုးရသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်သည်-

(၁) ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊

(၂) ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့များအဖြစ် ပေးအပ်သော ကုန်စည်များ၊

(၃) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် အသုံးပြုရန် တင်သွင်းလာသည့် အသုံးအဆောင်ပစ္စည်းများ၊

(၄) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမူ (Reciprocal Basis) အရ သံတမန်များနှင့်စပ်လျဉ်းသည့် ကုန်စည်များ။"

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) ၏နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) လစဉ် ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူ။"

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၅ နောက်တွင် ပုဒ်မ ၁၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၅-က။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် စီမံပြီးကြောင်း ထောက်ခံစာလက်မှတ်ကို စည်းမျဉ်းများပါ သတ်မှတ်ချက်များနှင့်အညီ ရယူရမည်။

သို့ရာတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။"

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အခွန်ထမ်းသည် မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်ဖြစ်ပါက အခွန်တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သော အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးက ချမှတ်သည့်အမိန့်ကို မကျေနပ်လျှင် အယူခံအခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းမကျေနပ်သော အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့်အမိန့် မိတ္တူကူးရန် လိုအပ်သောကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့်ကာလ။"

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၉-က။ (က) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခု ပေါ်ပေါက်လျှင် အခွန်ထမ်းကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အခွန်အယူခံခုံအဖွဲ့ထံသို့ ယင်းအဖွဲ့၏အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အဆိုပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့်အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။"

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာပျက်ကွက်မှုတစ်မျိုးစီအတွက်

အောက်ဖော်ပြပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။ ထိုသို့ ဒဏ်ငွေပေးဆောင်ရာတွင် ပုဒ်မခွဲ (စ) ပါ ဒဏ်ငွေကို ဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန် မလိုဘဲ သီးခြားစည်းကြပ်ကောက်ခံရမည် -

(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ခ) သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလ တစ်ကြိမ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ်ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သောအခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(င) ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းအရ သတ်မှတ်ထားသောပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထားရှိရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်း။"

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၀ တွင် ပါရှိသော "ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်တင်သွင်းသူ" ဆိုသည့် စကားရပ်အစား "ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူ၊ တင်သွင်းသူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၀ ၏နောက်တွင် ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၁။ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိငွေမှအပဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မြန်မာကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စု အစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၂။ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်

ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီး ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

သို့ရာတွင် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

## ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ် (၂) ဦးအား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည် -

(၁) ဒေါ်မြမြဝင်း — ပါမောက္ခ
ဌာနမှူး (ငြိမ်း)
မြန်မာစာဌာန
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

(၂) ဒေါ်လဲ့လဲ့ဝင်း — လက်ထောက်ကထိက (ငြိမ်း)
ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ် (၂) ဦးအား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်း ဖွဲ့စည်းလိုက်သည် -

(၁) ဦးစန်းလွင် — ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(၂) ဦးအေးဟန် — ညွှန်ကြားရေးမှူး (ငြိမ်း)
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးညီထွန်း၊ အဖွဲ့ဝင် (ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့အား အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အောက်ဖော်ပြပါအဖွဲ့ဝင်များအား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၊ ညနေပိုင်းမှစ၍ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

(က) ဒေါက်တာတိုက်စံ — ပါမောက္ခ (ငြိမ်း)<br>တပ်မတော်နည်းပညာတက္ကသိုလ်

(ခ) ဦးနေဝင်း — သံအမတ်ကြီး (ငြိမ်း)

(ဂ) ဒေါ်မြတ်မြတ်စိုး — ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဃ) ဦးသင်းမောင် — ညွှန်ကြားရေးမှူး (ငြိမ်း)<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ပုံ) သူရရွှေမန်း<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ် (၃) ဦးအား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည် -

(၁) ဒေါ်တင်ဘုန်းနွယ် — စာကြည့်တိုက်မှူး (ငြိမ်း)<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(၂) ဦးဘိုဝင်း　ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၃) ဒေါ်သင်းခိုင်　ညွှန်ကြားရေးမှူး (ငြိမ်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

## ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ် (၃) ဦးအား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည် -

(၁) ဦးညီညီ　ညွှန်ကြားရေးမှူး (ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၂) ဦးဆန်းလင်း　စစ်ကိုင်းတိုင်းဒေသကြီးဥပဒေအရာရှိ (ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၃) ဦးအောင်မြင်　ညွှန်ကြားရေးမှူး (ငြိမ်း)
ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာသီတာဦး၊ ပါမောက္ခ၊ ဌာနမှူး (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေပိုင်းမှစ၍ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

**ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ၏ "အမျိုးသားပညာရေးဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "အမျိုးသားပညာရေးဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# အမျိုးသားပညာရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်း အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **“အမျိုးသားပညာရေးဥပဒေ”** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **“ပြည်ထောင်စုအစိုးရအဖွဲ့”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **“အမျိုးသားပညာရေး”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့တို့၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကိုလည်း စဉ်ဆက်မပြတ် ခေတ်မီတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဂ) **“သင်ယူသူ”** ဆိုသည်မှာ မိမိ၏ အရည်အချင်းတိုးတက်စေရန် ပညာရေးလမ်းကြောင်းနှင့် ပညာရေးအဆင့်အတန်းတွင် ရနိုင်သည့် ပညာသင်ကြားမှုနည်းစနစ်များဖြင့် ရှာဖွေခံယူလေ့လာသင်ယူသူကို ဆိုသည်။

(ဃ) **“သင်ကြားပို့ချသူ”** ဆိုသည်မှာ ပညာရေးအဆင့်ဆင့်တွင် ပါဝင်သည့် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းပြည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(င) **“ဝန်ကြီးဌာန”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **“သက်ဆိုင်ရာဝန်ကြီးဌာန”** ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော အခြားပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **“ကျောင်းသင်ပညာရေး”** ဆိုသည်မှာ တိကျသောသင်ရိုးညွှန်းတမ်းဖြင့် အချိန်ကာလသတ်မှတ်ထားသော၊ သင်ကြားပေးနေသော ကျောင်းအခြေပြုမူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးပညာရေးတို့ အကျုံးဝင်နေသည့် တန်းတက်ပညာရေးအဆင့်များဖြင့် ဖွဲ့စည်းထားသော ပညာရေးလမ်းကြောင်းကို ဆိုသည်။

(ဇ) **“ကျောင်းပြင်ပပညာရေး”** ဆိုသည်မှာ သတ်မှတ်သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ ကျောင်းပြင်ပတွင် ပြုပြင်ပြောင်းလဲနိုင်သည့်နည်းလမ်းများဖြင့် သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဈ) **"ကိုယ်တိုင်လေ့လာသင်ယူပညာရေး"** ဆိုသည်မှာ သင်ရိုးညွှန်းတမ်း အချိန်ကာလနှင့် နေရာတို့ကို သတ်မှတ်မထားဘဲ လူတစ်ဦးချင်း၏အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်နေစေရန် မိမိကိုယ်တိုင် လေ့လာသင်ယူရသည့် ပညာရေးကို ဆိုသည်။

(ည) **"ရှေးဦးကလေးသူငယ်အရွယ်ပညာရေး"** ဆိုသည်မှာ မွေးစမှသည် အသက်ရှစ်နှစ်အရွယ်အထိ ကလေးသူငယ်များ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြည့်ဝသောတိုးတက်ဖွံ့ဖြိုးမှုများ ရရှိစေရန် ဆောင်ရွက်ပေးသော ပညာရေးအစီအစဉ်များကို ဆိုသည်။

(ဋ) **"မူကြိုပညာရေး"** ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေးအစီအစဉ်ကို ဆိုသည်။

(ဌ) **"အခြေခံပညာရေး"** ဆိုသည်မှာ ကျောင်းသင်ပညာရေးတွင် ပါဝင်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ကျောင်းပြင်ပပညာရေးဖြစ်သော အသုံးလုံးမှသည် အသက်မွေးဝမ်းကျောင်းပညာ အပါအဝင် အဆင့်မြင့်ပညာအဆင့်ကို ဆက်လက်သင်ယူနိုင်ရန်အထိ ပညာသင်ယူသူတိုင်းအတွက် အခြေခံလိုအပ်သည့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ဍ) **"အဆင့်မြင့်ပညာရေး"** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့်အောင်မြင်ပြီးသူများကို သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ဎ) **"ဆရာအတတ်သင်ပညာရေး"** ဆိုသည်မှာ ဆရာတစ်ယောက်တွင် ရှိအပ်သော စွမ်းရည်များဖြစ်သည့် သင်ပြနည်းအမျိုးမျိုး၊ ဘာသာရပ်ကျွမ်းကျင်မှု၊ ကျောင်းသား/ကျောင်းသူများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးမှု၊ ကျောင်းနှင့်စာသင်ခန်းစီမံမှု၊ ပညာရေးတွင် ပါဝင်ပတ်သက်သောသူများနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှု၊ ပညာရေးစနစ်များ၊ မူဝါဒများ၊ ရည်မှန်းချက်များကို နားလည်ပြီး အကောင်အထည်ဖော်နိုင်ခြင်း စသော **ဆရာအတတ်သင် ပညာစွမ်းရည်များဖွံ့ဖြိုးစေရန် လေ့ကျင့်ပေးသည့် ပညာရေးကို** ဆိုသည်။

(ဏ) **"အသက်မွေးဝမ်းကျောင်းပညာရေး"** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်အတွက် အသက်မွေးမှုကို ရရှိဖြစ်ထွန်းစေသည့် ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်အသီးသီးကို အဆင့်လိုက်သင်ယူနိုင်သည့် ပညာရေးကို ဆိုသည်။

(တ) **"အဝေးသင်ပညာရေး"** ဆိုသည်မှာ ပညာသင်ကြားပေးသူများနှင့် ပညာသင်ယူသူများကို မျက်နှာချင်းဆိုင်သင်ကြားခြင်း အပါအဝင် သတင်းအချက်အလက်ဆက်သွယ်ရေး**ဆိုင်ရာ ခေတ်မီနည်းပညာတစ်မျိုးမျိုး**နှင့် အခြားလူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းများကို အသုံးပြု၍ ညွှန်ကြားကြပ်မတ်ခြင်းဖြင့် သင်ကြားခြင်းကို ဆိုသည်။

(ထ) **"ရပ်ရွာအခြေပြုပညာရေး"** ဆိုသည်မှာ ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ရပ်ကွက် သို့မဟုတ် ကျေးရွာလူထု၏ ပညာလိုလားသည့် ဆန္ဒများပေါ်တွင် အခြေခံထားသည့်ပညာရေးကို ဆိုသည်။

(ဒ) **"အခမဲ့မသင်မနေရပညာရေး"** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက အပြည့်အဝထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။

(ဓ) **"အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံနိုင်မှုကော်မရှင်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေး၏ မူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် အဆင့်အသီးသီး၏ အရည်အသွေး အာမခံနိုင်မှုကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(န) **"အမျိုးသားပညာရေးကော်မတီ"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပညာရေးကဏ္ဍအသီးသီးကို လမ်းညွှန်ကြီးကြပ်နိုင်ရန် ပုဒ်မ ၆ ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ပ) **"သင်ရိုးညွှန်းတမ်း"** ဆိုသည်မှာ သင်ကြားရေးရည်မှန်းချက်များ၊ ပေါက်ရောက်အောင်မြင်စေရေးအတွက် ကျောင်းတွင်း **သို့မဟုတ်** ကျောင်းပြင်ပတွင် လေ့ကျင့်သင်ကြားပေးရမည့် ပညာရေးလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပေးရန် လမ်းညွှန်အဖြစ် အသုံးပြုထားသည့်နည်းလမ်း၊ ပါဝင်ရမည့် ပညာရေးရည်မှန်းချက်များ၊ သင်ရိုးမာတိကာ၊ သင်ခန်းစာ၊ သင်ကြားနည်းစနစ်များ၊ သင်ကြားရမည့်အချိန်ကာလ၊ အကဲဖြတ်စစ်ဆေးနည်းစနစ်များနှင့်စပ်လျဉ်း၍ စနစ်တကျ ရေးဆွဲထားသည့် အစီအစဉ်များကို ဆိုသည်။

(ဖ) **"အကဲဖြတ်စစ်ဆေးခြင်း"** ဆိုသည်မှာ ပညာရေးပြဋ္ဌာန်းချက် တာဝန်တစ်ရပ်အနေဖြင့် ပညာရေးလမ်းကြောင်းအတိုင်း၊ ပညာရေးအဆင့်တိုင်း၊ အတန်းတိုင်း၊ ပညာရေးကဏ္ဍတိုင်းတွင် ပညာရေးအရည်အသွေးကို စိစစ်ဆုံးဖြတ်ခြင်း၊ သင်ယူမှုဖြစ်စဉ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်ပေါက်မြောက်မှုရရှိစေခြင်း၊ သင်ကြားမှုနှင့်သင်ယူမှုကို ဖွံ့ဖြိုးစေခြင်းလုပ်ငန်းစဉ်ကို ဆိုသည်။

(ဗ) **"ကျောင်းအကျိုးတော်ဆောင်အဖွဲ့"** ဆိုသည်မှာ ပညာရေးနှင့်လူမှုရေးဆိုင်ရာပုံရိပ်ကောင်းသူများ၊ အများလေးစားမှုရှိသူများ၊ ပညာသင်ယူသူများ၏ **မိဘ သို့မဟုတ်** အုပ်ထိန်းသူများနှင့် သင်ကြားပေးသူများ ပါဝင်သည့် ကျောင်းသင်ပညာရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **"ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ"** ဆိုသည်မှာ သက်ဆိုင်ရာဒေသအသီးသီးရှိ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကို ဆိုသည်။

(မ) **"ကျောင်း"** ဆိုသည်မှာ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတွင်ရှိနေသည့် မူကြိုပညာရေးကျောင်းအဆင့်မှ အထက်တန်းကျောင်းများအဆင့်အထိ ပါဝင်နေသည့် **ကျောင်းတွင်း**ပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့အတွက် ပညာသင်ယူသင်ကြားရေးလုပ်ငန်းစဉ်များကို ဦးစီးဆောင်ရွက်ရာနေရာကို ဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ သင်ကြားရာနေရာလည်း ပါဝင်သည်။ အသက်မွေးဝမ်းကျောင်း အဆင့်မြင့်ပညာသင်ကြားရာနေရာများကို ကျောင်းများ၏ အရွယ်အစား၊ ပညာသင်ယူသင်ကြားရေး၊ သင်ရိုးညွှန်းတမ်းများနှင့် သိပ္ပံနည်းကျသုတေသနများကို အခြေခံ၍ ကောလိပ်များ သို့မဟုတ် တက္ကသိုလ်များ ပါဝင်သည့် ကျောင်းများကို ခေါ်ဆိုသည်။

(ယ) **"ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်"** ဆိုသည်မှာ ပညာရေးကဏ္ဍဆိုင်ရာမူဝါဒရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စာရင်းအင်းနှင့် သတင်းအချက်အလက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်**စနစ်ကို ဆိုသည်။**

(ရ) **"ပညာရေးစီမံခန့်ခွဲသူ"** ဆိုသည်မှာ ပညာရေးဌာနအသီးသီး၌ ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာတာဝန်ကို ထမ်းဆောင်ရသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

## အခန်း (၂)
## ရည်မှန်းချက်များ

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ကျင့်သုံးမည့်ပညာရေးသည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးနေသည့် လုပ်ငန်းဖြစ်ရန်၊

(ခ) ဒီမိုကရေစီအလေ့အကျင့်ကို လေးစားမြတ်နိုးတန်ဖိုးထား၍ တာဝန်သိသော ပြည်သူ၊ ပြည်သားများ ဖြစ်ထွန်းလာစေရန်၊

(ဂ) မြန်မာ့လူမှုဘဝတန်ဖိုးများနှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်သော သူများ ဖြစ်ထွန်းလာစေရန်၊

(ဃ) မိမိနိုင်ငံနှင့် တိုင်းရင်းသားလူမျိုး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့ တို့ကို မြတ်နိုးတန်ဖိုးထားကာ ထိန်းသိမ်းမြှင့်တင်လိုစိတ်ကြွယ်ဝပြီး လက်ဆင့်ကမ်းနိုင်စွမ်းရှိသူများ ဖြစ်ထွန်းလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်စွမ်းရှိစေရန်၊

(င) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေသောပညာရေး ဖြစ်ရမည်။ ထိုသို့ဖြစ်ထွန်းနေစေရန် အတွက် ပညာရေးကို စီမံကိန်းချအကောင်အထည်ဖော်ခြင်းနှင့် အကောင်အထည်ဖော်မှုကဏ္ဍ အသီးသီးကို စဉ်ဆက်မပြတ် ဆန်းစစ်သုံးသပ်ပြုရန်၊

(စ) အသိပညာအခြေပြုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊

(ဇ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့် အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဘဝတစ်လျှောက် အစဉ်သင်ယူသူများ ဖြစ်လာစေရန်။

## အခန်း (၃)
## ပညာရေးဆိုင်ရာအခြေခံမူများ

၅။ ပညာရေးဆိုင်ရာအခြေခံမူများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ပညာရေးဆိုင်ရာမူဝါဒနှင့် ရည်မှန်းချက်များအောင်မြင်ရန် နိုင်ငံတော်အစိုးရအဖွဲ့၌ သာမက နိုင်ငံသားများ၌လည်း ဝိုင်းဝန်းအကောင်အထည်ဖော်ရန် တာဝန်ရှိသည်ဟု မှတ်ယူ ကျင့်သုံးရန်၊

(ခ) ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုရန်၊

(ဂ) မသန်စွမ်းသူနိုင်ငံသားများအတွက် ပညာရေးအထူးအစီအစဉ်ဖြင့် သင်ကြားခွင့်နှင့် ပုံမှန် ကျောင်းသားများနည်းတူ သင်ကြားနိုင်ခွင့်ရှိစေရန်၊

(ဃ) အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်အစီအစဉ်များ ထားရှိခြင်းဖြင့် မည်သည့်ခွဲခြားကန့်သတ်ချက်မျှမရှိဘဲ တူညီသော သင်ယူမှုအခွင့်အလမ်းရှိစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများမှ ကလေးများနှင့် ရွှေ့ပြောင်းလုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်နေသောမိဘများ၏ သားသမီးများ၊ လူငယ်သင်တန်း ကျောင်းရှိ ကလေးသူငယ်များ၊ အကျဉ်းကျခံနေရသောလူငယ်များ၊ လေလွင့်ကလေးများနှင့် မိဘမဲ့ ကလေးများအတွက် ပညာသင်ကြားနိုင်ရေးအတွက် **"ပညာရေးအထူးဝန်ဆောင်မှု"** အစီအစဉ် ထားရှိရန်၊

(စ) လူတိုင်းအတွက် ဘဝတစ်သက်တာသင်ယူနိုင်သော ပညာရေးဖြစ်စေရန်နှင့် နိုင်ငံသားတိုင်း လေ့ကျင့် သင်ယူရန် တန်းတူအခွင့်အရေးရှိသော အရည်အသွေးပြည့်ဝသည့် ပညာရေးဖြစ်စေရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အလိုက် လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ကျင့်သုံးနိုင်သည့် ပညာရေးစနစ် ဖြစ်စေရန်၊

(ဇ) မြန်မာ့ပညာရေးအဆင့်အတန်းသည် နိုင်ငံတကာစံနှုန်းအဆင့်တွင် ရှိစေရေးအတွက် ဖွံ့ဖြိုးသောနည်းပညာများကို အသုံးပြုဆောင်ရွက်ရန်၊

(ဈ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးစနစ်ဖြစ်စေရေး ဆောင်ရွက်ရန်၊

(ည) ပညာရေးအဆင့်တိုင်းတွင် ဘက်စုံအတွေးအခေါ် အမြော်အမြင် မြင့်မားပြီး အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်သည့် ခေတ်မီပညာရေးဖြစ်ရန်၊

(ဋ) တက္ကသိုလ်များသည် လွတ်လပ်စွာရပ်တည်သော ကိုယ်ပိုင်စီမံခန့်ခွဲသည့် တက္ကသိုလ်များအဖြစ် ရပ်တည်ရန်၊

(ဌ) တက္ကသိုလ်ဝင်ခွင့်စနစ်ကို သင်ယူလိုသူ၏ အရည်အချင်းနှင့်ဆန္ဒကို အခြေခံပြီး ရွေးချယ်နိုင်ခွင့်ရှိသော စနစ်ကျင့်သုံးရန်၊

(ဍ) လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို အလေးထားမည်၊ သို့သော် ကျောင်းပညာရေးဆိုင်ရာ သင်ကြားရေးဌာနများတွင် သာသနာရေးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုများမှ ကင်းလွတ်ရန်။

## အခန်း (၄)

## အမျိုးသားပညာရေးကော်မတီဖွဲ့စည်းခြင်း၊ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### ဖွဲ့စည်းခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မတီကို ဖွဲ့စည်းရမည်။

### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ အမျိုးသားပညာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရမည်။

(ခ) ဤဥပဒေပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

(ဃ) ပြည်တွင်းပြည်ပမှ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများနှင့်ငွေကြေးများကို ပညာရေးနှင့်သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများက သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းဇယားနှင့် မှတ်တမ်းများပြုစုစေခြင်း၊ ထိုသို့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အလှူရှင်များနှင့် အများပြည်သူတို့ ပွင့်လင်းမြင်သာရှိစေရေး လမ်းညွှန်ပေးရမည်။

၈။ ပြင်ပမှခန့်အပ်ထားသော ကော်မတီအဖွဲ့ဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

၉။ အမျိုးသားပညာရေးကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ အမျိုးသားပညာရေးကော်မတီနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

## အခန်း (၅)
## ပညာရေးအမျိုးအစားများ

၁၁။ နိုင်ငံတော်တွင် အောက်ပါပညာရေးအမျိုးအစားသုံးမျိုးကို တစ်ခုနှင့်တစ်ခု ဆက်စပ်အကောင်အထည်ဖော် ကျင့်သုံးမည် -

(က) ကျောင်းသင်ပညာရေး၊

(ခ) ကျောင်းပြင်ပပညာရေး၊

(ဂ) ကိုယ်တိုင်လေ့လာသင်ယူပညာရေး။

၁၂။ ရှေးဦးကလေးသူငယ်အရွယ်ပညာရေးကို မိဘရပ်ရွာနှင့်သင့်လျော်သောဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော်ရမည်။

၁၃။ မူကြိုပညာရေးတွင် အသက်သုံးနှစ်မှ ငါးနှစ်အထိ ကလေးများအား သင်ကြားပေးသော ပညာရေးအစီအစဉ်များနှင့် မူလတန်းမတက်ရောက်မီ အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက် သူငယ်တန်းပညာရေးလည်း ပါဝင်သည်။

၁၄။ နိုင်ငံတော်သည် ကျောင်းသင်ပညာရေးကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်မည် -

(က) အခြေခံပညာရေး၊

(ခ) အသက်မွေးဝမ်းကျောင်းပညာရေး၊

(ဂ) အဆင့်မြင့်ပညာရေး။

**အခြေခံပညာရေး**

၁၅။ အခြေခံပညာရေးကို အဆင့်သုံးဆင့်ခွဲခြားထားပြီး သူငယ်တန်းပြီးသည့်နောက် စုစုပေါင်းပညာသင်နှစ်ကာလမှာ ၁၂ နှစ်ဖြစ်သည်။

(က) မူလတန်းအဆင့်ပညာရေး၊

(ခ) အလယ်တန်းအဆင့်ပညာရေး၊

(ဂ) အထက်တန်းအဆင့်ပညာရေးတို့ဖြစ်ပြီး အဆင့်တစ်ခုပြီးမြောက်တိုင်း အရည်အသွေးအကဲဖြတ်မှုကို ဆောင်ရွက်မည်။

၁၆။ မူလတန်းအဆင့်သည် အခြေခံပညာရေး၏ အခြေခံအကျဆုံးအဆင့်ဖြစ် မူလတန်းပညာ စတင်သင်ယူရမည့် ကလေးများသည် အသက်ခြောက်နှစ်ပြည့်သည့်ကလေးများ မူလတန်းပညာ စတင်သင်ယူရမည်။

၁၇။ မူလတန်းအဆင့်ပြီးမြောက်ပါက အလယ်တန်းအဆင့်ပညာရေးသို့ ဆက်လက်သင်ယူခွင့်ရှိသည်။

၁၈။ အလယ်တန်းအဆင့်ပညာရေးသည် မူလတန်းပညာရေးအဆင့်ပြီးမြောက်သူများ ဆက်လက်တက်ရောက်သင်ယူရမည့် အဆင့်ဖြစ်သည်။

၁၉။ အလယ်တန်းအဆင့်ပြီးမြောက်ပါက အထက်တန်းအဆင့်ပညာရေးသင်တန်းများ သို့မဟုတ် ကျောင်းများသို့ တက်ရောက်ခွင့်ရှိသည်။

၂၀။ အထက်တန်းအဆင့်ပညာရေးသည် အလယ်တန်းအဆင့်ပညာရေး ပြီးမြောက်သူများတက်ရောက် သင်ယူရမည့်အတန်းဖြစ်သည်။

၂၁။ အထက်တန်းအဆင့်ပညာရေး အောင်မြင်ပြီးမြောက်ပါက ကောလိပ်၊ တက္ကသိုလ်များ သို့မဟုတ် ဘွဲ့ကြိုဒီပလိုမာအဆင့်များသို့ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် တက်ရောက်ခွင့်ရှိသည်။

**အသက်မွေးဝမ်းကျောင်းပညာရေး**

၂၂။ အသက်မွေးဝမ်းကျောင်းပညာရေးကို လေးမျိုးခွဲခြားသတ်မှတ်သည် -

(က) **အခြေခံအဆင့်အသက်မွေးဝမ်းကျောင်း**ပညာရေးသည် မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သောအဆင့်ဖြစ်သည်။

(ခ) **ကျွမ်းကျင်အဆင့် အသက်မွေးဝမ်းကျောင်း**ပညာရေးသည် အလယ်တန်းအဆင့် အောင်မြင် ပြီးမြောက်သူများ တက်ရောက်နိုင်သည်။

(ဂ) **ဘွဲ့ကြိုဒီပလိုမာအဆင့် အသက်မွေးဝမ်းကျောင်း**ပညာရေးသည် အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သည်။ အောင်လက်မှတ် သို့မဟုတ် ဒီပလိုမာလက်မှတ် ပေးနိုင်သည်။

(ဃ) ကျောင်းပြင်ပအသက်မွေးဝမ်းကျောင်းပညာရေးသည် ပညာအရည်အချင်း ကျား၊ မ၊ အသက် အရွယ်တို့ကို မကန့်သတ်ဘဲ ကျွမ်းကျင်မှုကို မြှင့်တင်ရန်၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းပညာရေး အမျိုးအစားဖြစ်သည်။

၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များ၏ သင်တန်းကာလကို သက်ဆိုင်ရာ သင်တန်းပေါ်မူတည်၍ သတ်မှတ်ရမည်။

**အဆင့်မြင့်ပညာရေး**

၂၄။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ယင်းတို့နှင့်အဆင့်ညီသည့် ကျောင်းများသည် အဆင့်မြင့် ပညာရေးကို အကောင်အထည်ဖော်ရမည်။

၂၅။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် **ကျောင်းများတွင် လွတ်လပ်သည့် သင်ကြား သင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်။**

၂၆။ အဆင့်မြင့်ပညာသင်ကြားလေ့ကျင့်ပေးရာဌာနများသည် -

(က) သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) **သင်ယူသူများ**အား ၎င်းတို့သင်ယူလိုသော ဘာသာရပ်နှင့် တက္ကသိုလ်ကို လွတ်လပ်စွာ ဆန္ဒပြုခွင့် ရှိစေရမည်။

၂၇။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် အဝေးသင်စနစ်ကိုလည်း ကျင့်သုံးမည်။

၂၈။ အခြေခံပညာအထက်တန်းအဆင့်၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ ဆရာအတတ်သင်ပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်သည့် အစီအစဉ်ရှိရမည်။

၂၉။ **ဝန်ကြီးဌာနသည်** ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးရမည်။

၃၀။ **ဝန်ကြီးဌာနသည် ကျောင်းပြင်ပပညာရေးနှင့်စပ်လျဉ်း၍ -**

(က) အခြေခံစာတတ်မြောက်ရေးနှင့် ယင်း၏နောက်ဆက်တွဲလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(ခ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးတို့ကို ဆုံးခန်းတိုင်မသင်ကြား ခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်၊

(ဂ) ကျောင်းပြင်ပပညာရေးစနစ်မှ ကျောင်းသင်ပညာရေးစနစ် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာရေးသို့ ကူးပြောင်းနိုင်သည့် **"တန်းညှိပညာရေးအစီအစဉ်"** ကို ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း မိမိ၏အရည်အသွေးမြင့်မားလာစေရေးအတွက် ဘဝတစ်လျှောက်လုံး ဆက်လက်သင်ယူနိုင်သောအခွင့်အလမ်း ရှိနေစေရန် -

(က) သင်ကြားလေ့လာနိုင်မည့်အခြေအနေများနှင့် အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ထိုသို့စီစဉ်နိုင်ရန်လည်း စည်းရုံးတိုက်တွန်းခြင်းနှင့် ယင်းတို့က ဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်။

(ဂ) စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် မီဒီယာအမျိုးမျိုးကို အသုံးပြုထုတ်လွှင့်ဖြန့်ချိမှု ပညာရေး အစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့်ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရ အဖွဲ့အစည်းများက ဆောင်ရွက်လျှင်လည်း ခွင့်ပြုရမည်။

**ဆရာအတတ်သင်ပညာရေး**

၃၂။ (က) ဆရာအတတ်သင်ပညာရေးကဏ္ဍဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ဆောင်ရမည်။

(ခ) ဆရာအတတ်သင်ပညာရေးနှင့်သက်ဆိုင်သော ကျောင်းဝင်ခွင့်၊ သင်ရိုးညွှန်းတမ်းနှင့် သင်တန်း ကာလများကို သက်ဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့တို့၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကိုလည်း စဉ်ဆက်မပြတ် ခေတ်မီ တိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့်ဆရာများကို မွေးထုတ်ရမည်။

## အခန်း (၆)

## ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များ

၃၃။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်သည် -

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင်/ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင်ကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) ပညာရေးအထူးအစီအစဉ်ကျောင်းများ၊

(ဇ) ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါအရာထမ်း (၃) ဦးတို့အား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူး နေရာသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးကျော်ကျော်ဌေး | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၂။ | ဒေါက်တာထူးမောင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၃။ | ဦးအောင်ကိုဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါ်လှိုင်လှိုင်မြင့်အား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂) အပိုဒ် (၆၃) အရ လျှော့ပေါ့ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ပါအရာရှိများအား ယှဉ်တွဲဖော်ပြပါရာထူးနေရာများတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ကြည်း ၃၁၅၉၄<br>ဗိုလ်မှူးကျော်စိုးမင်း<br>အမှတ် (၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၂။ | ရေ ၃၆၄၉<br>ဗိုလ်မှူးသန့်ဇော်ဦး<br>တပ်မတော် (ရေ) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါအရာထမ်း (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးကျော်စိုးမင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၂။ | ဦးသန့်ဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၃၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၈ ရက် )

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၃/မြို့မ-၂ ပွဲရုံ)၊ ဦးပိုင်အမှတ် (၇) ရှိ ဧရိယာ **(၀. ၂၇၈) ဧကအား “မြိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး**

**အသင်းရုံး"** မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

အမှတ် ၁၅/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | သန်းအေး | ကြည်း ၆၇၁၆၅ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

အမှတ် ၁၉/၂၀၁၄ ။ ။ ဘွဲ့ရဆရာဝန် (အမျိုးသမီး)၊ အမှတ်စဉ် (၂) သင်တန်းတွင် တက်ရောက် အောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါဗိုလ်လောင်းများအား ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ဒေါ်ခင်အိအိဇင် | ကြည်း ၆၇၁၆၆ |
| (၂) | ဒေါ်အင်ကြင်းစုကျော် | ကြည်း ၆၇၁၆၇ |
| (၃) | ဒေါ်စုစုလတ် | ကြည်း ၆၇၁၆၈ |
| (၄) | ဒေါ်သူသူမျိုးမင်း | ကြည်း ၆၇၁၆၉ |
| (၅) | ဒေါ်နန်းသီတာဦး | ကြည်း ၆၇၁၇၀ |
| (၆) | ဒေါ်စုစုစံ | ကြည်း ၆၇၁၇၁ |
| (၇) | ဒေါ်အေးမြတ်မွန် | ကြည်း ၆၇၁၇၂ |
| (၈) | ဒေါ်မြတ်ဖြိုးသူ | ကြည်း ၆၇၁၇၃ |
| (၉) | ဒေါ်မေသင်းကြူ | ကြည်း ၆၇၁၇၄ |
| (၁၀) | ဒေါ်မေမြတ်သန်း | ကြည်း ၆၇၁၇၅ |
| (၁၁) | ဒေါ်ပြုံးသိင်္ဂီ | ကြည်း ၆၇၁၇၆ |
| (၁၂) | ဒေါ်ခိုင်ခိုင်ကျော် | ကြည်း ၆၇၁၇၇ |
| (၁၃) | ဒေါ်အေးမြတ်ရတနာ | ကြည်း ၆၇၁၇၈ |
| (၁၄) | ဒေါ်တင့်တင့်ကို | ကြည်း ၆၇၁၇၉ |
| (၁၅) | ဒေါ်နှင်းဝါဝါပြည့် | ကြည်း ၆၇၁၈၀ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

အမှတ် ၂၀/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) ကျော်မြင့် ကြည်း ၆၇၁၈၁

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

အမှတ် ၂၂/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) မြင့်ဦး ကြည်း ၆၇၁၈၂

## (ရေတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

အမှတ်စဉ် ၂/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

(၁) အိန်းရှင်းပေါင် ရေ ၅၀၉၁

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**သစ်ခွမြေ ခရီးသွားလာရေးလုပ်ငန်းကုမ္ပဏီလီမိတက်**

**(Vanda Land Tourism Company Limited)**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၅-၂၀၁၄) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဆန်ရှင်းထန်
မန်နေးဂျင်းဒါရိုက်တာ
သစ်ခွမြေ ခရီးသွားလာရေးလုပ်ငန်း
ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၇၄၉၊ ၅၂၇၃၂၇

## သီးနှံရာသီ စက်မှုလက်မှုကုမ္ပဏီလီမိတက်
## HARVEST SEASON INDUSTRIAL CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သီးနှံရာသီ စက်မှုလက်မှုကုမ္ပဏီလီမိတက် (HARVEST SEASON INDUSTRIAL CO., LTD.)** အား (၂၄-၄-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မေလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မိုးမြင့်
Managing Director
Harvest Season Industry Co., Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅

## ကြယ်များအင်ပါယာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## STARS EMPIRE TRADING CO., LTD
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ကြယ်များအင်ပါယာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (STARS EMPIRE TRADING CO., LTD)** အား (၇-၄-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မေလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသူရိန်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ကြယ်များအင်ပါယာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကမ္ဘာဝတ်စားဆင်ယင်မှုကုမ္ပဏီလီမိတက်**
**(WORLD FASHION CO., LTD)**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကမ္ဘာဝတ်စားဆင်ယင်မှုကုမ္ပဏီလီမိတက် (WORLD FASHION CO., LTD)** အား (၂၄-၄-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မေလ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နော်သူလေဖော
မန်နေးဂျင်းဒါရိုက်တာ
ကမ္ဘာဝတ်စားဆင်ယင်မှုကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ ကြေညာစာ
**အမ် အမ် တီ အင်တာပရိုက်စစ်လီမိတက်**
**(M . M . T Enterprises Limited)**
(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ မေလ (၂၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ်-၁၉၂၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
B.Com (Q), C.P.A
Certified Public Accountants and Auditors
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

IN THE MATTER OF THE MYANMAR COMPANIES ACT AND

**SINGA TRAINING LIMITED**

NOTICE FOR VOLUNTARY WINDING UP FOR FINAL MEETING NOTICE

According with The Myanmar Companies Act under Section 208 (1), notice of Final Meeting for Winding-up of the shareholders of the Company held at its Registered Office at No. 23, Thukha Waddy Street, Yankin Township, Yangon, Myanmar at 9:00 AM on 24-5-2014.

Daw Tin Win Yu
Liquidator
FAMAT GROUP

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၅-၄-၂၀၁၄။